# အာဇာနည်နေ့ သို့မဟုတ် နိုင်ငံတော် လုပ်ကြံမှုကြီး

**အာဇာနည်နေ့ ရောက်လာ ပြန်ပါပြီ။ မြန်မာပြည်ရဲ့ ကံဆိုးမိုးမှောင် ကျခဲ့ရတဲ့ နေ့တနေ့ကို မှတ်တမ်း တင်ဖို့ ကြိုးစား ကြည့်မိတယ်။ လိုအပ်နေတဲ့ စာအုပ်တွေလည်း အစုံအလင်က မရှိ၊ ကိုးကားစရာ စာကြည့်တိုက်လည်း မရှိတဲ့ နေရာမှာ ရောက်နေရတာ ဆိုတော့၊ ကိုယ့် မှတ်သား ထားတဲ့ မှတ်စုစာအုပ်နဲ့ ကိုယ်ပိုင် ဝယ်ယူ စုဆောင်း ထားတဲ့ စာအုပ်လေးတွေ အားကိုးနဲ့ပဲ၊ ဘယ်လို ဖြစ်တာလဲ၊ ဘယ်သူတွေ ပါဝင် ပတ်သက်ခဲ့လဲ၊ ဘာကြောင့် ဖြစ်ရတာလဲ စတဲ့ စတဲ့ အာဇာနည်နေ့ ဒါမှမဟုတ် မြန်မာပြည်ရဲ့ ကံဆိုးမိုးမှောင် ကျခဲ့ရတဲ့ နေ့နဲ့ ပတ်သက်တဲ့ အကြောင်းအရာ အချက်အလက်တွေကို ရှာဖွေ မှတ်သား ရမိသမျှ တင်ပြလိုက်တာ ဖြစ်ပါတယ်။ ထပ်တွေ့ရင် ထပ်ဖြည့် ကြတာပေါ့။ (ထိန်အောင်)**




ဂရပ်ဖစ် ဒီဇိုင်း – ကိုမျိုး

## အာဇာနည်နေ့ သို့မဟုတ် နိုင်ငံတော် လုပ်ကြံမှုကြီး

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အတွင်းဝန်များ ရုံးမှာ တိုင်းပြည် ကျွန်ဘဝက လုံးဝ လွတ်မြောက်ရေးနဲ့ စစ်ပြီးခေတ် မြန်မာနိုင်ငံ ပြန်လည် ထူထောင်ရေး အတွက် အစည်းအဝေး ထိုင်နေကြတဲ့ အမျိုးသား ခေါင်းဆောင် ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်တဲ့ ဖဆပလ ကြားဖြတ် အစိုးရ ဝန်ကြီးတွေ လုပ်ကြံ ခံရတဲ့ နိုင်ငံတော် လုပ်ကြံမှုကြီး ဖြစ်ပွား ခဲ့တယ်။

အဲဒီနေ့က ရန်ကုန်မြို့ရဲ့ ရာသီဥတုဟာ "မိုးလင်း ကတည်းကပင် ကောင်းကင်သည် အုံ့မှိုင်း ညိုမှိုင်းလျက် ရှိသည်။ တိမ်တိုက် ဟူ၍ ဘာမျှ ကြည်လင်စွာ မမြင်ရ။ မိုးကို ကြည့်ရသည်မှာ မြူသန်း နေသော ပင်လယ်ပြင်ကြီးလို ဝိုးဝိုးဝါးဝါး နေသည်။ မိုးသည် ကင်းကင်းလွတ်လွတ် စဲသည် ဟူ၍ မရှိဘဲ တဖွဲဖွဲ နေလိုက်၊ တဖြိုင်ဖြိုင် ရွာချလိုက်နှင့်။ နောက် စွေ၍ နေလေသည်။" လို့ ဆရာ ဒဂုန်တာက ရေးသား မှတ်တမ်း တင်ခဲ့တယ်။

နံနက် ၁၀ နာရီခန့်မှာ တာဝါလိမ်း နေအိမ်ကနေ အတွင်းဝန်များ ရုံးမှာ ပြုလုပ်မဲ့ ဝန်ကြီးများ အစည်းအဝေးကို တက်ရန် ဗိုလ်ချုပ် အောင်ဆန်းဟာ သူရဲ အပါးတော်မြဲ (ပီအေ) ဗိုလ်ထွန်းလှနဲ့ အတူ ကားနက်ကလေး အာရ်အေ/၂၈၇၄ နဲ့ ထွက်လာခဲ့တယ်။ ၁၀ နာရီ ၁၀ မိနစ် လောက်မှာ အတွင်းဝန်များရုံးရဲ့ အလယ်ဗဟို လှေကား ခြေရင်းကို ဗိုလ်ချုပ်ကား ဆိုက်လာပြီး၊ အစည်းအဝေး လုပ်မဲ့ အပေါ်ထပ် သူ့ရုံးခန်းကို အပါးတော်မြဲ ဗိုလ်ထွန်းလှ နဲ့အတူ တက်လာတယ်။ အဲဒီနေ့ကျမှ ဗိုလ်ချုပ်ဟာ ခါတိုင်းလို ယူနီဖောင်း ဝတ်နဲ့ မဟုတ်ဘဲ ရွှေဖလားရောင် ဇန်ကောက်လုံချည်၊ သနပ်ခါးရောင် မန္တလေး ပိုးတိုက်ပုံနှင့် အဖြူရောင် သဲကြိုး တပ်ထားတဲ့ လေယာဉ်ပျံ ဖိနပ် စတာတွေနဲ့ မြန်မာဆန်ဆန် ဝတ်စားဆင်ယင် ထားတာကို ထူးထူးခြားခြား တွေ့ရလို့၊ "ဗိုလ်ချုပ်က ဒီလိုတော့ အချောကြီးပဲ" ဟု ဦးဘဂျမ်းက လှမ်းနောက်လိုက်တယ်။

ကာကွယ်ရေး ဝန်ကြီးရဲ့ ရုံးခန်းထဲမှာ အစည်းအဝေး ပြုလုပ်ရန် အတွက် ရောဝတီ မြစ်ဝကျွန်းပေါ် ဒေသကို တိုင်းခန်း လှည့်လည်နေတဲ့ သယ်ယူ ပို့ဆောင်ရေး ဌာန ဝန်ကြီး စောစံဘိုးသင်၊ အင်္ဂလန်မှ အပြန် လမ်းခရီး မှာပဲ ရှိနေသေးတဲ့ ပြည်ထဲရေး ဝန်ကြီး ဦးကျော်ငြိမ်းနဲ့ ဌာန လက်ကိုင်မရှိ ဝန်ကြီး ဦးတင်ထဋ် တို့မှအပ ကျန်တဲ့ အစိုးရ အဖွဲ့ ဝန်ကြီးတွေ စုံစုံညီညီ ရောက်ရှိ နေကြပြီ ဖြစ်တယ်။ ရုံးအုပ်ကြီး ဦးခ၊ လက်ထောက် အတွင်းဝန် ဦးတင်အုံးနဲ့ ဝန်ကြီးများ အဖွဲ့ အတွင်းဝန် ဦးရွှေဘော် တို့လည်း အစည်းအဝေး အတွက် လိုအပ်မဲ့ စာရွက်စာတမ်း တွေနဲ့ ဖိုင်တွဲတွေ ရှာဖွေ စုဆောင်းကာ အစည်းအဝေး ကျင်းပမဲ့ အခန်းထဲကို တခုပြီး တခု ပို့ဆောင်ရင်း ဝင်ချေ ထွက်ချေ အလုပ်များ နေကြတယ်။

ဒီနောက် အစည်းအဝေး ကျင်းပရာ အခန်းထဲကို ဗိုလ်ချုပ်နှင့် အပါးတော်မြဲ ဗိုလ်ထွန်းလှတို့ ဝင်လာပြီး၊ ဗိုလ်ထွန်းလှက ဗိုလ်ချုပ်အတွက် လိုအပ်တဲ့ ဖိုင်တွဲတွေ၊ မှတ်တမ်းမှတ်ရာ တွေကို ဗိုလ်ချုပ် စားပွဲထိပ်မှာ ချပေး လိုက်တယ်။ ဗိုလ်ချုပ်က သူထိုင်ခုံမှာ ဝင်ထိုင်လိုက်တော့ ဗိုလ်ထွန်းလှလည်း အစည်းအဝေး ခန်းမကနေ သူရဲ့ ရုံးခန်း ရှိရာကို ထွက်လာခဲ့ပြီး၊ သူ့ရုံးခန်းထဲမှာ စိတ်အေးလက်လေး ရှိနေခဲ့တယ်။ အဲဒီနေ့က အစည်းအဝေး တက်ရောက်သူတွေ ကတော့၊

၁။ ဗိုလ်ချုပ် အောင်ဆန်း – ဒုဥက္ကဌ၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေး ဌာန၊
၂။ သခင် မြ – ဘဏ္ဍာရေးနှင့် အခွန်တော် ဌာန၊
၃။ ဦးဘဝင်း – ကူးသန်းရောင်း ဝယ်ရေးနှင့် ထောက်ပံ့ရေး ဌာန၊
၄။ ဒီးဒုတ်ဦးဘချို – ပြန်ကြားရေး ဌာန၊
၅။ အဗ္ဗဒူရာဇတ် – ပညာရေးနှင့် အမျိုးသား စီမံကိန်း ဌာန၊

၆။ မန်းဘခိုင် – စက်မှုလက်မှုနှင့် အလုပ်သမား ဌာန၊
၇။ မွန်းပွန်စော်ဘွားကြီး စပ်စံထွန်း – တောင်တန်းရေးရာ ဌာန၊
၈။ ဦးဘဂျမ်း – ပြန်လည်ထူထောင်ရေး ဌာန၊
၉။ ပျော်ဘွယ် ဦးမြ – လယ်ယာနှင့် စိုက်ပျိုးရေး ဌာန၊
၁၀။ ဦးအောင်ဇံဝေ – ပြည်သူ့ဝန်ထမ်း ဌာန၊
၁၁။ ဦးအုန်းမောင် – ဒုတိယ အတွင်းဝန်၊ လမ်းပန်းဆက်သွယ်ရေး ဌာနတို့ ဖြစ်တယ်။

ဦးအုန်းမောင်ဟာ သူ့ဝန်ကြီး စောစံဖိုးသင်း ခရီး ထွက်နေပြီး အစည်းအဝေး မတက်နိုင်လို့ လမ်းပန်း ဆက်သွယ်ရေး ဌာနနဲ့ ပတ်သက်ပြီး အစည်းအဝေးမှာ လိုအပ်တာတွေ တင်ပြနိုင်ဖို့နဲ့ ပြန်လည် ဖြေကြားနိုင်ဖို့ ရောက်ရှိနေတာ ဖြစ်ပါတယ်။

အရင်ကတော့ ဝန်ကြီးများ (ဘုရင် အမှုဆောင် ကောင်စီ အဖွဲ့ဝင်များ) အစည်းအဝေးကို ဘုရင်ခံက သဘာပတိ အဖြစ် ဆောင်ရွက်ကာ ဘုရင်ခံ ကိုယ်တိုင် ဦးစီး ကျင်းပလေ့ ရှိပါတယ်။ အောင်ဆန်း – အက်တလီ စာချုပ် ချုပ်ဆိုပြီး နောက်ပိုင်းမှာတော့၊ မြန်မာပြည်ကို လွတ်လပ်ရေး သေချာပေါက် ပေးရတော့မဲ့ အခြေအနေနဲ့ ဖဆပလ ဘုရင် အမှုဆောင် ကောင်စီကို ကြားဖြတ် အစိုးရ အဆင့်မျိုးနဲ့ လွတ်လပ်စွာ စီမံ ဆောင်ရွက်ခွင့် ပေးထားတာ ဖြစ်လို့ ၁၉၄၇ ဇန်နဝါရီ လောက်ကစပြီး ဘုရင်ခံ ကိုယ်တိုင် တက်ရောက်ခြင်း မရှိတော့ဘဲ၊ ဘုရင် အမှုဆောင် ကောင်စီ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ် အောင်ဆန်း ကပဲ သဘာပတိ အဖြစ် ဦးစီး ကျင်းပနေတာ ဖြစ်တယ်။

အစည်းအဝေး ကျင်းပရာ ဗိုလ်ချုပ် အောင်ဆန်းရဲ့ ရုံးခန်းဟာ အထဲကို ဝင်ရန် တံခါး ၃ ပေါက်ရှိတဲ့ ခန်းမကျယ်ကြီး ဖြစ်ပြီး၊ လက်ဝဲဘက်မှာ အတွင်းဝန် ဦးရွှေဘော်ရဲ့ အခန်း၊ လက်ယာဘက်မှာ ဗိုလ်ချုပ် အပါးတော်မြဲ ဗိုလ်ထွန်းလှရဲ့ အခန်းတွေ ရှိပါတယ်။ ဒီ အခန်းကြီးရဲ့ အရှေ့မြောက်ထောင့်မှာ ဗိုလ်ချုပ် အလုပ်လုပ်တဲ့ စားပွဲရှိပြီး၊ တောင်ဘက် နံရံမှာတော့ ဝန်ကြီးတွေ စည်းဝေးပွဲ ကျင်းပတဲ့ စားပွဲကြီးတွေ ရှိပါတယ်။ ဝန်ကြီးတွေ အစည်းအဝေး ကျင်းပရာ နေရာမှာ စားပွဲရှည်ကြီး ၃ ခုကို 'ဂ' ပုံစံ အတိုင်းမှာ ထိပ်မှာ တခု၊ ဘေးတဖက် တချက်မှာ တလုံးစီ ချထားတယ်။ ထိပ်က စားပွဲက အလျား ၁၀ ပေ၊ အနံ ၃ ပေလောက် ကျယ်ပြီး၊ ကျန်တဲ့ ဘေးတဖက် တချက်က စားပွဲ ၂ ခု ကတော့ အလျား ၁၈ ပေ၊ အနံ ၃ ပေခန့်စီ ရှိကြတယ်။

အဲဒီနေ့က အစည်းအဝေးမှာ ဗိုလ်ချုပ်က ထိပ်စားပွဲ အလယ် တည့်တည့်မှာ ထိုင်နေပြီး၊ လက်ယာဘက် စားပွဲမှာ သခင်မြ၊ ဒီးဒုတ် ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း မန်းဘခိုင်တို့ အစဉ်အတိုင်း ထိုင်နေကြကာ၊ လက်ဝဲဘက် စားပွဲမှာတော့ ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ် ဦးမြနဲ့ မိုင်းပွန် စော်ဘွားကြီး စပ်စံထွန်းတို့ ထိုင်နေကြတယ်။ ဝန်ကြီးများ အဖွဲ့ အတွင်းဝန် ဦးရွှေဘော်က အစည်းအဝေးမှာ ဗိုလ်ချုပ် လိုအပ်တဲ့ စာရွက်စာတမ်းတွေ၊ ဖိုင်တွဲ ရှာပေးနိုင်ဖို့ ထိပ်စားပွဲ ဗိုလ်ချုပ်ရဲ့ လက်ဝဲဘက်မှာ ရှိနေတယ်။

အစည်းအဝေးကို အစီအစဉ် အတိုင်း ၁၀ နာရီ ၁၅ မိနစ်မှာ စတင် ကျင်းပပြီး၊ ဝန်ကြီး ဌာနအလိုက် အရေးကြီးတဲ့ သက်ဆိုင်ရာ ကိစ္စရပ် တွေကို ဆွေးနွေးကြတယ်။ ဒီလိုနဲ့ ဌာနဆိုင်ရာ ကိစ္စရပ်တွေကို အစီအစဉ် အတိုင်း ဆွေးနွေး လာခဲ့ရာ ၁၀ နာရီ ခွဲခန့်မှာ လမ်းပန်း ဆက်သွယ်ရေးဌာန ကိစ္စတွေကို ဆွေးနွေးဖို့ အလှည့်ရောက် လာတာနဲ့ ဒုတိယ အတွင်းဝန် အိုင်စီအက်စ် ဦးအုန်းမောင်လည်း အစည်းအဝေး ခန်းမထဲကို ရောက်လာပြီး၊ လက်ယာဘက် စားပွဲထိပ်က သခင်မြ အနားမှာ ဝင်ထိုင်လိုက်တယ်။

## (၂)

နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်မှာ "ငါ့တပည့်များ အောင်ပါစေကွာ" ဆိုတဲ့ စကားသံ အဆုံးမှာ အင်းလျားကန် ဘေးရှိ ဦးစော အိမ်ဝင်း ထဲကနေ ဂျစ်ကား အစိမ်းလေး တစင်း ဝူးခနဲ မောင်းထွက် လာပြီး၊ အတွင်းဝန်များ ရုံးဘက်ကို ဦးတည် မောင်းနှင် သွားတယ်။ ဒီဂျစ်ကားလေးကို ဦးစောရဲ့ တပည့် တဦးဖြစ်တဲ့ သုခက မောင်းနှင်ပြီး၊ ကားပေါ်မှာ တခြား တပည့်တွေ ဖြစ်တဲ့ စိန်ကြီး၊ မောင်စိုး၊ ရန်ကြီးအောင်နဲ့ သက်နှင်း တို့က တော်မီဂန်းနဲ့ စတင်းဂန်းတွေ အသင့် ကိုင်ဆောင်ကာ လိုက်ပါ လာကြတယ်။ မိုးတဖွဲဖွဲနဲ့ စွေနေတဲ့ လမ်းမပေါ်မှာ အာစီ/၁၈၁၄ နံပါတ် ဂျစ်ကား အစိမ်းကလေးဟာ စစ်မိုးကာတွေ ချုံထားပြီး၊ စစ်ယူနီဖောင်း ဝတ် နံပါတ် ၁၂ တပ်မ (XII Army) ခြင်္သေ့တံဆိပ် တပ်ထားတဲ့ လူ ၄ ဦးကို တင်ဆောင်ကာ အပြေး မောင်းနှင် လာတယ်။ ဒီဂျစ်ကားလေးဟာ မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ် အောင်ဆန်းလမ်း) အတိုင်း ပန်းဆိုးတန်းထိပ် နာရီစင်ကို ဖြတ်ပြီး၊ အနောက်မှ အရှေ့သို့ မောင်းနှင် လာတယ်။ နောက် စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း) ကို ရောက်တဲ့အခါ ညာဘက်ကို ချိုးလိုက်တယ်။ ဒီကမှ တဆင့် ဖရေဇာလမ်း (ယခု အနော်ရထာလမ်း) ကို ဖြတ်ကျော် လာပြီး အတွင်းဝန် ရုံးရဲ့ တောက်ဘက် ဂိတ်ဝကို ရောက်တဲ့အခါ စက်အရှိန် လျှော့ပြီး အတွင်းဝန်များ ရုံးဝင်း အတွင်း ဝင်ရန် ကားခေါင်းကို ဘယ်ဘက်သို့ ဦးတည်လိုက်တယ်။

ဒီအချိန်ဟာ ရုံးတက်စ ၁၀ နာရီခွဲခန့် ဖြစ်လို့ အရာရှိကြီး ငယ်တွေရဲ့ ကားကြီး ကားငယ်တွေ ဝင်နေကြလို့ ဂိတ်ဝမှာ ခဏ ရပ်စောင့် နေရသေးတယ်။ နောက်မှ ကားဘီးကို ခပ်ဖြည်းဖြည်း လိမ့်ကာ အနောက်ဘက် ဆင်ဝင်ကြီး အောက်က တဆင့် ကာကွယ်ရေး ဌာနဘက်သို့ ကွေ့ဝင်ကာ အနောက်တောင် ထောင့်မှာ ထိုးရပ်လိုက်တယ်။ ချက်ချင်း ဆိုသလိုပဲ ကင်းဗတ် ဖိနပ်ရှည် (Canva Shoes) စီးထားပြီး စတင်းဂန်း တလက်၊ တော်မီဂန်း ၃ လက် တို့ကို အသင့် ကိုင်ထားတဲ့ စိန်ကြီး၊ မောင်စိုး၊ ရန်ကြီးအောင်နဲ့ သက်နှင်းတို့လည်း ကားပေါ်က ခုန်ဆင်းကာ အတွင်းဝန်များ ရုံးထဲကို အပြေး ဝင်ရောက် လာကြတယ်။ သုခက ကားကို စက်မရပ်ဘဲ နှိုးထားကာ အသင့် စောင့်ဆိုင်း ကျစ်ရစ်ခဲ့တယ်။ သေနတ်ကိုယ်စီ ကိုင်ဆောင်ထားတဲ့ စိန်ကြီး၊ မောင်စိုး၊ ရန်ကြီးအောင်နဲ့ သက်နှင်း တို့ဟာ အတွင်းဝန်ရုံး တောင်ဘက်မှ မြောက်ဘက် အတိုင်း ဗိုလ်ချုပ် ရုံးခန်း ရှိရာကို လျှောက်လာကြပြီး၊ အခန်းဝမှာ စောင့်နေတဲ့ မင်းစေကို တွန်းဖယ်ကာ မြောက်ဘက်ဆုံး တံခါးပေါက်ကနေ ဝန်ကြီးများ စည်းဝေးနေတဲ့ အခန်းတွင်းသို့ ဝင်လိုက်ကြတယ်။

နံနက် ၁၀ နာရီ ၃၇ မိနစ်။ ရှေ့ဆုံးမှ ဝင်လာတဲ့ သက်နှင်းက "ဟိတ်" လို့ ခပ်ကျယ်ကျယ် အော်သံနဲ့အတူ လက်ထဲက တော်မီဂန်းနဲ့ ဗိုလ်ချုပ်ကို သဲသဲမဲမဲ စတင် ပစ်ခတ် တော့တယ်။ တချိန်တည်း မှာပဲ စားပွဲထိပ်မှာ ထိုင်နေတဲ့ ဗိုလ်ချုပ်ဟာ ထိုင်ရာက ထပြီး လက်ကာပြရင်း ဝင်လာသူတွေကို တစုံတခု လှမ်းပြောဖို့ ကျိုးစားခဲ့ သော်လည်း အချိန် မမီတော့ပေ။ လူသတ်သမားရဲ့ ပစ်ခတ်လိုက်တဲ့ ကျည်ဆံတွေကြောင့် ဗိုလ်ချုပ် နောက်သို့ လန်ကျကာ လူရော ကုလားထိုင်ပါ လုံးထွေး လဲပြို သွားတော့တယ်။ ဒီနောက်မှ ဗိုလ်ချုပ် ညာဘက်မှာ ထိုင်နေတဲ့ ဝန်ကြီးတွေ ကိုလည်း တဆက်တည်း ပစ်ခတ် လိုက်တယ်။

ပြီးတော့မှ ဘယ်ဘက်ကို မွေ့ယမ်း လိုက်တယ်။

ဝန်ကြီး ပျော်ဘွယ် ဦးမြနဲ့ အတွင်းဝန် ဦးရွှေဘော် တို့ဟာ ရှေ့ဆုံးက လူသတ်သမားက ဗိုလ်ချုပ်ကို စတင် ပစ်ပစ်ခြင်း နောက်ကျောဘက်က ပြတင်းပေါက် ကနေ အချိန်မီ ခုန်ချ ပြေးကြလို့ ဒဏ်ရာ မရရှိဘဲ လွတ်မြောက် ခဲ့ရတယ်။ ဝန်ကြီး ဦးဘဂျမ်း ကလည်း ပစ်ပစ်ခြင်း သူ့ဘေးမှာ ရှိတဲ့ ဦးအောင်ဇံဝေရဲ့ လက်ကို ဆောင့်ဆွဲကာ နှစ်ယောက်သား ကြမ်းပြင်ပေါ် လှဲချ လိုက်လို့ အသက်ဘေးက လွတ်ခဲ့ရတယ်။

ကျန်တဲ့ ဝန်ကြီးတွေ ကတော့ တယောက်ပြီး တယောက် သေနတ် ထိမှန်ကာ အတုံးအရုံး လဲကျ ကုန်တယ်။ နောက်တော့ မတ်တပ်ရပ် ပစ်ခတ်နေတဲ့ လူသတ်သမား မတွေဟာ ဒူးထောက် ထိုင်လိုက်ကာ အားရပါးရ စိတ်တိုင်းကျ ဆက်လက် ပစ်ခတ် ကြပြန်တယ်။ စိတ်တိုင်းကျ ပစ်ခတ်ပြီးတဲ့ နောက်မှ လူသတ်သမား တွေဟာ အပစ်ရပ်ကာ လှေကားရှိရာ ဘက်ကို ပြေးထွက် လာကြတယ်။ အဲဒီအချိန်မှာ လှေကားထိပ်ရှိ အခန်းထဲက ဝန်ကြီး ဦးရာဇတ်ရဲ့ သက်တော်စောင့် ကိုထွေး ထွက်လာရာ လူသတ်သမား တွေက ကိုထွေးကို စတင်းနဲ့ တချက်မွှေ့ လိုက်ပြီး၊ "ဟေ့ မဆိုင်သူ ဖယ်နေ၊ အောက်က ဆင်းကြ" လို့ အော်ဟစ်ရင်း လှေကား အတိုင်း တဟုန်ထိုး ပြေးဆင်း သွားကြတယ်။ ဆင်ဝင် အပေါက်ကြီး အောက်မှာ ကား စက်နှိုးပြီး အသင့်စောင့်နေတဲ့ သုခ ကားပေါ် တက်ကာ စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း) ထွက်ပေါက်ကြီးက ထွက်ပြီး လက်ဝဲဘက်ကို ကွေ့ကာ ဒါလဟိုစီ (ယခု ဗန္ဓုလလမ်း) လမ်း အတိုင်း အနောက်ဘက်ကို အတားအဆီး မရှိ ထွက်ပြေး မောင်းနှင် လွတ်မြောက် သွားကြတယ်။

ဦးစောဟာ ဖဆပလ ခေါင်းဆောင်ပိုင်း အားလုံးကို လုပ်ကြံ သတ်ဖြတ်နိုင်မှ ဖဆပလ အစိုးရ ပြုတ်ကျမယ်လို့ တွက်ပြီး ဖဆပလ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌနဲ့ တိုင်းပြုပြည်ပြု လွှတ်တော် ဥက္ကဋ္ဌ သခင်နု ကိုပါ လုပ်ကြံဖို့ တပည့် တဦး ဖြစ်တဲ့ ဘညွန့်ကို စေလွှတ် ခဲ့ပေမဲ့၊ အဲဒီနေ့က သခင်နု ရုံးမတက်လို့ လုပ်ကြံ ခံရမဲ့ ဘေးက လွတ်သွား ခဲ့တာ ဖြစ်တယ်။

**(၃)**



ဗိုလ်ချုပ် အောင်ဆန်းနဲ့ ခေါင်းဆောင်ကြီး တွေကို လူသတ်သမား တွေက လုပ်ကြံ သတ်ဖြတ် ခဲ့ကြပြီးနောက်၊ အခန်းထဲသို့ ပထမဆုံး ရောက်ရှိလာတဲ့ ဗိုလ်ထွန်းလှက ဗိုလ်ချုပ်ကို လဲကျ နေရာမှ ထူကြည့်ခဲ့ရာ ရင်ဘတ်မှာ ဒဏ်ရာနှစ်ချက် သုံးချက်ခန့် ရတယ်လို့ ထင်ခဲ့တယ်။ ဒါပေမယ့် ရန်ကုန် ဆေးရုံကြီးကို ပို့ဆောင် ပြီးနောက် ဆရာဝန်ကြီးတွေက အသေအချာ စစ်ဆေး ကြည့်ရှုတဲ့ အခါ မှာတော့ ဗိုလ်ချုပ် ကိုယ်မှာ သေနတ်ဒဏ်ရာ ၁၃ တိတိကို တွေ့ခဲ့ကြရတယ်။

ပျော်ဘွယ် ဦးမြနဲ့အတူ ပြတင်းပေါက်မှ ခုန်ချခဲ့တဲ့ အတွင်းဝန် ဦးရွှေဘော်မှာ လုံးဝ ထိခိုက်ခြင်း မရှိခဲ့ပေ။ ကြမ်းပြင်ပေါ်ကို မှောက်လဲချခဲ့တဲ့ ဦးအောင်ဇံဝေလည်း ထိခိုက် ဒဏ်ရာ မရခဲ့ ပေမဲ့၊ ဦးဘဂျမ်းကတော့ လက်ဝဲဘက် နံပါးမှာ တချက်၊ လက်ယာဘက် လက်သူကြွယ်မှာ တချက် အပေါ်ယံရှပ် ထိမှန်ခဲ့တယ်။

တကယ်တော့ ဦးဘဂျမ်းဟာ အဲဒီနေ့က အစည်းအဝေးကို တက်ဖို့ မရည်ရွယ် ခဲ့ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ ဟင်္သာတ ခရိုင်ကို ခရီး ထွက်ရာကနေ ပြန်ရောက်ခါစ ဖြစ်ပြီး၊ အအေးမိကာ အနည်းငယ် မကျန်းမမာ ဖြစ်နေတာကြောင့်လည်း ဖြစ်တယ်။ ဒါပေမဲ့ သူဟာ အဲဒီအချိန်က အရေးကြီး သတင်းထူး တခုကို အမြန်ဆုံး တင်ပြ အစီရင်ခံဖို့ လိုအပ် နေတယ်လို့ ယူဆပြီး အစည်းအဝေးကို ကြိုးစား လာတက်ခြင်း ဖြစ်တယ်။

ဦးဘဂျမ်း ရရှိခဲ့တဲ့ သတင်းထူး တခုကတော့၊ လွန်ခဲ့တဲ့ ဇွန်လ နောက်ဆုံး အပတ်တွင်းက ဗိုလ်တထောင် ဘီအိုဒီ (Base Ordnance Depot) ခေါ် စစ်ပစ္စည်း သိုလှောင်ရေး တပ်ဖွဲ့ကနေ ဘရင်းဂန်း အလက် ၂၀၀ ကျော် ပျောက်ဆုံး ခဲ့မှုရဲ့ တရားခံဟာ ဂဠုန်ဦးစော ဖြစ်တယ်ဆိုတာ တင်ပြဖို့ပဲ ဖြစ်တယ်။

ကရင် အမျိုးသား ခေါင်းဆောင် တဦး ဖြစ်သူ မန်းဘခိုင်ဟာ သေနတ် ဒဏ်ရာ ၁၅ ချက်တိတိ ထိမှန်ကာ အများဆုံး ထိမှန်ခြင်း ခံရသူ ဖြစ်တယ်။ သူရဲ့ အသဲတခုလုံး ကြေမွပြီး နေရာမှာ ပွဲချင်းပြီး ကျဆုံးခဲ့တယ်။ ဗိုလ်ချုပ်ရဲ့ အကိုရင်း ဖြစ်သူ ဦးဘဝင်းကတော့ သေနတ် ဒဏ်ရာ ၈ ချက်တိတိ ထိမှန်ခဲ့ပြီး ညီဖြစ်သူ ဗိုလ်ချုပ် အောင်ဆန်း နဲ့အတူ ကျဆုံးခဲ့တယ်။ သခင်မြဟာ အဆုတ်မှာ ကျည်ဆံဝင်ပြီး နေရာမှာပဲ ကျဆုံးခဲ့တယ်။ ဦးရာဇတ်ဟာလည်း နေရာတွင်ပဲ ကျဆုံးခဲ့ရပြီး၊ သေနတ် ၆ ချက် ထိမှန်ခဲ့တယ်။ အတွင်းဝန် ဦးအုန်းမောင်လည်း ပစ်ခတ်ခံရပြီး နေရာမှာပဲ ပွဲချင်းပြီး ကျဆုံးခဲ့တယ်။

ဒီးဒုတ် ဦးဘချို ကတော့ ဆေးရုံရောက်ပြီး၊ အဲဒီနေ့ ညဘက်ကျမှ ကျဆုံးခဲ့တာ ဖြစ်တယ်။ သူဟာ သေနတ် ကျည်ဆံ ၅ ချက် ထိမှန်ပြီး၊ တချက်က ဦးခေါင်းမှာ ဖြစ်ပြီး ဦးနှောက်ကိုပါ ဖောက်သွားခဲ့တယ်။ ရှမ်း အမျိုးသား ခေါင်းဆောင် တဦး ဖြစ်တဲ့ မိုင်းပွန် စော်ဘွားကြီး စပ်စံထွန်း ကတော့၊ ဦးခေါင်းမှာ ဒဏ်ရာ ၂ ချက် ရခဲ့ပြီး ဆေးရုံထိ ကောင်းစွာ သတိရ နေသေးသော်လည်း၊ ဇူလိုင်လ ၂၀ ရက်နေ့ မွန်းတည့် ချိန်လောက်မှာ ကျဆုံး ခဲ့ရရှာတယ်။ သက်တော်စောင့် ကိုထွေးဟာ သေနတ် ဒဏ်ရာ ၄ ချက်ရကာ ဆေးရုံရောက်မှ ကျဆုံးရတာ ဖြစ်တယ်။

**(၄)**

ဂဠုန် ဦးစောရဲ့ လှုပ်ရှားမှု တွေကို ပုလိပ်ဘက်က သတိပြုမိ နေတာတော့ ကြာပါပြီ။ နောက်ပြီး ဦးစောအိမ်နဲ့ မျက်နှာချင်းဆိုင် အိမ်မှာ နေနေတဲ့ စစ်ရုံးချုပ်က လုံခြုံရေး အရာရှိ လက်ဖတင်နင် ကာနယ် ဂေါ်ဒွန်ဟန့်ဟာ ဦးစောရဲ့ လှုပ်ရှားမှုတွေကို သင်္ကာမကင်း ဖြစ်ကာ၊ မိမိ နေအိမ်ကနေ စစ်သုံး မှန်ပြောင်းဖြင့် ညအချိန် စောင့်ကြည့် နေခဲ့ရာ၊ ဦးစောဟာ တပည့် လေးငါးယောက်နဲ့ အတူ အင်းလျား ရေပြင်မှာ လှေတစင်းနဲ့ အလုပ်ရှုပ် နေတာကို ကြိမ်ဖန်များစွာ တွေ့မြင်ခဲ့ပြီး၊ ဒီ သတင်းကိုလည်း ဘုရင်ခံရဲ့ အတွင်းဝန် ဖိလစ်နက်ရှ်ထံမှ တဆင့် ဘုရင်ခံက ဇူလိုင်လ ၁၈ ရက်နေ့မှာ သိထားပြီး ဖြစ်တယ်။ နောက်ပြီး အဲဒီ လုပ်ကြံမှုကြီး ဖြစ်ပွားတဲ့ နေ့က လူ ၅ ဦးကို တင်ဆောင်ကာ အပြေး မောင်းနှင်လာတဲ့ ဂျစ်ကားလေး တစီး ဦးစော အိမ်ထဲကို ချိုးဝင် သွားတယ်၊ အဝင်မှာ ဦးစောနဲ့ ဆုံမိကြတော့ "အောင်ပြီ" "အောင်ပြီ" လို့ လက်သီး လက်မောင်းတန်း ကြွေးကြော် နှုတ်ဆက် ကြတာကို လက်ဖတင်နင် ကာနယ် ဂေါ်ဒွန်ဟန့် ကိုယ်တိုင် မြင်တွေ့ပြီး စီအိုင်ဒီ (မှုခင်းတပ်ဖွဲ့) ကို သတင်းပို့ နိုင်ခဲ့တယ်။

ဒါကြောင့် မွန်းလွဲပိုင်းမှာ ပုလိပ် စုံထောက်ဘက်နဲ့ သောင်းကျန်းသူ နှိမ်နှင်းရေး တပ်တို့ ပူးပေါင်းပြီး အင်းလျား ကန်စောင်းရှိ ဦးစော နေအိမ်ကို ဝင်ရောက် ရှာဖွေခဲ့ပါတယ်။ ဦးစောရဲ့ တပည့် တဦး ဖြစ်သူ မိုက်ရူးရဲ့ မှူးကြီးက သေနတ်ကို ကိုင်စွဲကာ ခုခံပစ်ခတ် ခဲ့သေးသော်လည်း၊ အင်အားချင်း မမျှသည်ကို ရိပ်မိတဲ့ ဦးစောက အချိန်မီ တားဆီးခဲ့တဲ့ အတွက် ဦးစောတို့ လူသိုက် အားလုံးကို ဖမ်းဆီး ရမိခဲ့တယ်။

ဦးစော အိမ်ထဲကနေ စာရွက်စာတမ်းတွေ၊ မကြာခင်ကမှ ပြုလုပ်ထားတဲ့ "ဦးစော Prime Minister" ဆိုတဲ့ ရာဘာ တံဆိပ်တုံးတွေနဲ့ အတူ အင်္ဂလိပ် စစ်တပ်က ပျောက်ဆုံးသွားတဲ့ လက်နက် ခဲယမ်း မီးကျောက် တွေထဲက တချို့ကို အိမ်ထဲကရော၊ အိမ်အနီးက အင်းလျား ကန်ထဲကရော ရှာဖွေ သိမ်းဆည်း ရမိခဲ့တယ်။

## (၅)

အဲဒီနေ့က အဖြစ်ဆိုးကြီးကြောင့် လူထုကြီး တရပ်လုံး တုန်လှုပ် ခြောက်ခြား ကြေကွဲ ခဲ့ကြပုံကို ဆရာကြီး ဒဂုန်တာရာက အခုလို မှတ်တမ်း တင်ခဲ့ပါတယ်။

*"... ဒေါင်းတံဆိပ်ကားကို တက်စီးလိုက်သည်။ ကားသည် လမ်းမတော်သို့ ပြေးလျက်ရှိသည်။ ကားထဲတွင် လူမနည်းလှပေ။ ခရီးသည် အားလုံး မျက်စိမျက်နှာ မကောင်းကြ။ ခပ်ရွယ်ရွယ် မိန်းမပျို တဦးက 'ဖြစ်မှ ဖြစ်ရလေနော်၊ ဖြစ်မှ ဖြစ်ရလေနော်' ဟု မြည်တမ်းလျက် ရှိသည်။ ဈေးသည်ဟု ထင်ရသော ခပ်အိုအို မိန်းမကြီး နှစ်ယောက်ကား 'ဗိုလ်ချုပ် အသက်ရှင် ပါစေတော်၊ ဗိုလ်ချုပ် အသက်ရှင် ပါစေတော်' ဆုတောင်း၍ နေကြသည်။ ယခုမှပင် သိရသော မိန်းမ တယောက်က မေးမြန်းသည်ကို 'မပြောကြနဲ့၊ မပြောကြနဲ့' ဟု အသာ လက်ကုတ်၍ တီးတိုး တားမြစ်သည်။ သူတို့သည် မပြော ရက်ကြ။ သန့်ပြန့်စွာ ဝတ်စား ထားသော တရုတ် တဦးက 'အားကီး ရက်စက်တာပဲ' ဟု ကျွန်တော့် ဘက်သို့ လှည့်၍ ရေရွတ်လျက် ရှိသည်။ မျက်နှာထား တင်းတင်းနှင့် ဒရိုင်ဘာသည် တောက်ခေါက် လိုက်သည်။*

***x x x x x x x x x***

*လူတို့သည် 'ဖြစ်မှ ဖြစ်ရလေ၊ ဖြစ်မှ ဖြစ်ရလေ' ဟု တတွတ်တွတ် မြည်တမ်းရင်းပင် ညနေ စောင်းလာ တော့သည်။ ဗိုလ်ချုပ် ဆုံးကြောင်းကား ညနေ သတင်းစာများမှ ကြားရ လေပြီ။ မည်သူ့ မျက်နှာ ကြည့်ကြည့်၊ မျက်နှာ ညှိုးငယ် နွမ်းလျှစွာနှင့်။ လမ်းပေါ်မှ စက်ပြင် ဆရာတဦး၏ မိန်းမ ပါးစပ်မှ 'ကျုပ်တို့တော့ ထမင်းလည်း မချက် တော့ဘူး၊ စားချင်စိတ်လည်း မရှိတော့ ပါဘူးရှင်' ဟူသော အသံသည် သဲ့သဲ့မျှ ပေါ်ထွက် လာသည်။ နေဝင် မီးငြိမ်း အမိန့် ထုတ်ထား သဖြင့် ညဥ့်ဦးသည် တိတ်ဆိတ်ကာ မှောင်လှသည်။ အိမ်သားများ ဆုံတိုင်း ညနေခင်းက အကြောင်း ကိုသာ ပြောကြသည်။ ရှိုက်သံ၊ တမ်းတသံ၊ ညည်းညူသံ၊ တသသံ။*

*တိတ်ဆိတ် မှောင်မည်း သဖြင့် စောစော အိပ်ရာ ဝင်ကြသော်လည်း အိပ်မပျော် နိုင်ကြ။ နေ့ခင်းကဟာ အိပ်မက်ပဲ ဖြစ်ကြပါ စေတော့ဟု မိန်းမများ ဆုတောင်း ကြသည်။ ညဥ့်နက် သော်လည်း ချောင်းဟန့်သံ၊ လူးလွန့်သံ တို့သည် ဆက်၍ နေသည်။ ရှဲခနဲ မီးခြစ်၍ နောက်ဖေး ထကြ ပြန်သည်။ တရေးနိုး ဆုံလျှင် 'ဘယ်တော့များမှ မေ့ပျောက် ပါ့မလဲ နော်' ဟု အိပ်ချင်သံနှင့် ဆိုကြသည်။ တရေးနိုးတိုင်း သတိရလျက် ရှိသည်။ မကြာခဏ အိပ်မက်ပြီး နိုးသည်။ သို့နှင့်ပင် တအောက်မေ့မေ့ တသသနှင့် ထိုညကို လွန်မြောက် ရလေသည်။"*

ဒီ မြန်မာပြည်ရဲ့ ကံဆိုးမိုးမှောင် ကျခဲ့ရတဲ့ လုပ်ကြံမှုကြီးနဲ့ ပတ်သက်လို့ နောက်ပိုင်းမှာ ဗိုလ်ချုပ်ရဲ့ အပါးတော်မြဲ ဗိုလ်ထွန်းလှရဲ့ ထုတ်ဖော် ရေးသားချက် အရ၊ စက်တင်းဂန်း ၂၀၀ ပျောက်ဆုံးမှုနဲ့ ပတ်သက်ပြီး သတင်းတွေ အမျိုးမျိုး ထွက်လာပြီး လုံခြုံရေး အခြေအနေ စိုးရိမ်ရတဲ့ အထိ ပြောဆိုမှုတွေ ရှိလာတဲ့ အခါ ပြည်ထဲရေး ဝန်ကြီး ဦးကျော်ငြိမ်း လန်ဒန် သွားနေခိုက် ပြည်ထဲရေး ဌာန တာဝန်တွေ ကိုပါ ယာယီ ပူးတွဲ ယူထားတဲ့ ပျော်ဘွယ် ဦးမြက ဗမာ့ တပ်မတော်က တပ်စိတ် တစိတ်ကို ထုတ်နှုတ်ပြီး ဗိုလ်ချုပ် မသိအောင် အတွင်းဝန်များရုံး အဝင်လမ်းမှာ ကင်းပုန်း ချထား လိုက်တယ်။ မြန်မာပြည်ရဲ့ ကံဆိုးမိုးမှောင် ကျမှု အစလို့ ပြောရမဲ့ ကိစ္စကတော့၊ အဲဒီ တပ်စိတ်ထဲက ရဲဘော် တယောက် ကိစ္စတခုနဲ့ အပြင် ထွက်လာချိန်မှာ ရုံးတက်ဖို့ လာနေတဲ့ ဗိုလ်ချုပ်က တွေ့သွားပြီး၊ ဦးမြကို ဒီတပ်စိတ်ကို ရုပ်သိမ်းဖို့ အမိန့် ပေးခဲ့တာကြောင့်၊ လုပ်ကြံမှု မဖြစ်ပွားခင် ရက်ကမှ ဒီ လုံခြုံရေး ကင်းပုန်းဝပ် နေတဲ့ တပ်စိတ် ရုပ်သိမ်း သွားခဲ့တာ ဖြစ်တယ်။

ဗိုလ်ချုပ် အောင်ဆန်းရဲ့ "သူ့ကို လုပ်ကြံမဲ့သူ မရှိနိုင်ပါဘူး" ဆိုတဲ့ ယုံကြည်ချက်နဲ့ အဆောင်အယောင် ပကာသန တွေကို ရွံ့ရှာ စက်ဆုပ်ပြီး လွတ်လွတ်လပ်လပ် ရိုးရိုးသားသား နေထိုင်ချင်တဲ့ ဗိုလ်ချုပ်ရဲ့ စိတ်ရင်း စေတနာ ဖြူစင် ရိုးသားမှုကို မချင့်မရဲ ဖြစ်ကာ၊ မြန်မာပြည်နဲ့ လူထုရဲ့ ဆိုးဝါးလှတဲ့ ကံကြမ္မာ လို့ပဲ ပြောရမလား မသိတဲ့ အဖြစ်အပျက်ကို သိမြင်ခွင့် ရခဲ့တော့၊ အံကြိတ် "တောက်" ခေါက်မိရင်း "ရန်သူ မရှိဘူး ဆိုတဲ့ ဗိုလ်ချုပ်ရေ၊ ဘယ့်နှယ်လဲကွဲ့။" လို့ ဟစ်အော်သာ ငိုလိုက် ချင်တော့တယ်။

## (၆)

ဦးစော ဒီလို နိုင်ငံ့ ခေါင်းဆောင်ကြီး တွေကို လုပ်ကြံ သတ်ဖြတ် ရတဲ့ အကြောင်းအရင်းက၊ လန်ဒန် ဆွေးနွေးပွဲ မသွားမီ လအနည်းငယ် အလိုက ကာကီရောင် ဝတ်ထားတဲ့ လူ ၂ ယောက်က ဦးစောကို သေနတ် နဲ့ပစ် လုပ်ကြံခဲ့ရာ အသက် မသေခဲ့ သော်လည်း၊ မျက်ခုံးကို ရှပ်မှန်ကာ ဒဏ်ရာ ရခဲ့တယ်။ ဒီလုပ်ကြံမှုကို ဗိုလ်နေဝင်းနဲ့ ဗိုလ်အောင်ကြီး တို့ရဲ့ အစီအမံနဲ့ ဦးမြလှိုင် (ပေဖူးလှာ မဂ္ဂဇင်း အယ်ဒီတာဟောင်း) က ကားမောင်းကာ၊ ကားပေါ်မှာ ပါလာတဲ့ ရန်ကုန် ဘဆွေက သေနတ်နဲ့ ပစ်ခတ်ခဲ့ခြင်း ဖြစ်တယ်။ ရန်ကုန် ဘဆွေကို ပေးကိုင်ပြီး ပစ်ခတ် စေခဲ့တဲ့ သေနတ်ဟာ တပ်ရင်းမှူး ဗိုလ်နေဝင်း

*(အဲဒီအချိန်က ဗိုလ်နေဝင်းဟာ တပ်ရင်းမှူးသာ ရှိသေးတယ်။)* ကိုင်ဆောင်တဲ့ သေနတ် ဖြစ်တယ်။ ဒီကိစ္စဟာ ဗိုလ်ချုပ် အောင်ဆန်းနဲ့ ပြည်သူ့ ရဲဘော် လက်ချက် ဖြစ်တယ်လို့ ယူဆကာ ဦးစောက ဗိုလ်ချုပ်နဲ့ ခေါင်းဆောင်ကြီး တွေကို လုပ်ကြံ သတ်ဖြတ် လက်စား ချေတာလို့ ပြောကြတယ်။ အမှန်တော့ ဒီလုပ်ကြံမှုကြီးဟာ ဒီထက် ပိုမို လေးနက်တဲ့ ရည်ရွယ်ချက်တွေ ရှိပါတယ်။

ဦးစောဟာ ဗိုလ်ချုပ်တို့ကို ညှိုးသူရန်ဘက် အနေနဲ့ လုပ်ကြံ သတ်ဖြတ်တာ မဟုတ်။ ဦးစော တချိန်က "ကောင်လေး တယောက်" လို့ ယူဆခဲ့တဲ့ ဗိုလ်ချုပ် အောင်ဆန်းက နိုင်ငံ့ အမျိုးသား ခေါင်းဆောင် ဖြစ်လာပြီး၊ သူလို နိုင်ငံရေးသမား စားဖား အိုကြီးတွေ အတွက် မြန်မာ့ နိုင်ငံရေး ဇာတ်ခုံမှာ နေရာ မရှိ ဖြစ်နေရတဲ့ အဖြစ်ကို ကြိတ်မနိုင် ခံမရ ဖြစ်နေရတယ်။ ဒါကြောင့် ဦးစော အနေနဲ့ ဖဆပလ ခေါင်းဆောင် အားလုံးကို ဖယ်ရှား နိုင်မှသာ သူ့ အနေနဲ့ အာဏာ ရနိုင်မှာ ဖြစ်တယ်လို့ ယူဆကာ ရန်ကုန်ရှိ ဖဆပလ ခေါင်းဆောင် အားလုံး ကိုသာမက နယ်ရှိ ဖဆပလ ခေါင်းဆောင် တွေကိုပါ လုံကြံဖို့ သတ်ဖြတ် စီစဉ်ခဲ့တယ်။ ဒါကြောင့်လည်း အင်္ဂလိပ် အာဏာပိုင် တွေနဲ့ ပူးပေါင်း ခိုးယူထားတဲ့ လက်နက် ခဲယမ်းတွေကို အိမ်အနီး အင်းလျားကန် ထဲမှာ ဝှက်ထား သလို၊ လက်နက် တချို့တဝက် ကိုလည်း နယ်ရှိ မျိုးချစ် ပါတီ ဝင်တွေဆီ ပေးပို့ ဖြန့်ဝေ ထားပြီးလည်း ဖြစ်တယ်။

ဒီလို ဦးစောက အကြံအစီ ကြီးကြီးမားမား ကြံစီနိုင်ဟာ ဗြိတိသျှ နယ်ချဲ့တွေ့ရဲ့ အားပေး ကူညီ မြှောက်ပင့် ပေးမှုကြောင့်သာ ဖြစ်တယ်။ ဗြိတိသျှ ကွန်ဆာဗေးတစ် နိုင်ငံရေး သမားတွေ၊ စစ်ဘက်နဲ့ အရပ်ဘက်က ပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ ရန်သူတော်ဟောင်း ဗိုလ်ချုပ် အောင်ဆန်းနဲ့ ဖဆပလ အဖွဲ့ အာဏာ ရနေတာကို မရှုစိမ့် မနာလို ကြပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေး မယူမီမှာ ဖဆပလ အစိုးရ အဖွဲ့ကို ဖြုတ်ချပြီး၊ မြန်မာနိုင်ငံကို ဒိုမီနီယံ အတွင်းမှာ ဆက်ရှိနေအောင် ဂဠုန် ဦးစောလို ပုဂ္ဂိုလ်တွေနဲ့ ပူးပေါင်း ကြံစီ ခဲ့ကြတာ ဖြစ်ပါတယ်။

## (၇)

ဗြိတိသျှ ကွန်ဆာဗေးတစ် နိုင်ငံရေး သမားတွေထဲမှာ ဗိုလ်ချုပ် အောင်ဆန်းနဲ့ ဖဆပလ ကို အထူး မနှစ်မြို့က်၊ မလိုလား ခဲ့သူတွေ ကတော့ ဗြိတိသျှ ကွန်ဆာဗေးတစ် ခေါင်းဆောင် ဝန်စတန်ချာချီနဲ့ မြန်မာပြည် ဘုရင်ခံဟောင်း ဆာဒေါ်မန် စမစ်တို့ ဖြစ်တယ်။

ချာချီက "ဗြိတိသျှ သွေးတွေ၊ ဗြိတိသျှ အစိုးရ အပေါ် သစ္စာ ရှိသူတွေရဲ့ သွေးတွေနဲ့ စွန်းထင် နေတဲ့ ဦးအောင်ဆန်းကို မြန်မာ အစိုးရ ခေါင်းဆောင် အဖြစ် မမြင်လို့ ခဲ့ပါဘူး" လို့တောင် ဗြိတိသျှ ပါလီမန်ထဲမှာ အထင်အရှား ပြောကြား ခဲ့တယ်။ ဒါအပြင့် မြန်မာနိုင်ငံ လွတ်လပ်ရေး ဥပဒေ ကြမ်းကို ဆွေးနွေးဖို့ အက်တလီရဲ့ လေဘာ အစိုးရက ပါလီမန်မှာ တင်သွင်းတဲ့ အခါ၊ ချာချီ အမှူးပြုတဲ့ အတိုက်အခံ ကွန်ဆာဗေးတစ် အမတ်တွေက "ရန်သူ အားပေးများ"၊ "ဂျပန်နှင့် ပူးပေါင်းသော သစ္စာဖောက်များ" လို့ စွပ်စွဲပြီး ပြင်းပြင်းထန်ထန် ဝေဖန် ကန့်ကွက် ခဲ့ကြတယ်။ "မြန်မာ့ လွတ်လပ်ရေး မူကြမ်းကို ဆုတ်ဖြဲ လွှင့်ပစ်ပြီး၊ မြန်မာပြည်ကို လွတ်လပ်ရေး ပေးရင် သွေးချောင်းစီး တိုက်ပွဲများ ဖြစ်ပွားလိမ့်မည်" ဟု ကြိမ်းဝါးခဲ့တဲ့ ပုဂ္ဂိုလ်ဟာလည်း ချာချီပဲ ဖြစ်ပါတယ်။

ဘုရင်ခံ ဆာဒေါ်မန် စမစ်ကလည်း "ဗိုလ်ချုပ် အောင်ဆန်းဟာ ကျောင်းသား လှုပ်ရှားမှုတွေမှာ ဦးဆောင် ခဲ့ဖူးတဲ့ တက်ကြွသူ တဦး အဆင့်မှာသာ ရှိပြီး နိုင်ငံတော် ဝန်ကြီးချုပ် အဆင့်နဲ့ ဦးဆောင် နိုင်စွမ်း ရှိမယ်သူ မဟုတ်ဘူး" လို့ ရေးသား ခဲ့တယ်။ နောက်ပြီး ဒုတိယ ကမ္ဘာစစ်ကြီး ပြီးတဲ့နောက် ယူဂန်ဒါ နိုင်ငံမှာ အကျယ်ချုပ်နဲ့ နေနေရတဲ့ ဦးစောကို မြန်မာနိုင်ငံကို ပြန်ခေါ်ပြီး ဖဆပလ ကို ဖြိုခွဲရန် နိုင်ငံရေး ပွဲထုတ်ခဲ့ခြင်း၊ ဖဆပလ ကို ဖြိုခွဲ မရတဲ့ အခါ ဦးစောကို ဗြိတိသျှ အလိုတော်ရိ တဦးအဖြစ် ဘုရင် အမှုဆောင် ကောင်စီမှာ နေရာ ပေးခဲ့ခြင်း၊ နောက်ဆုံး လက်နက် အနေနဲ့ ဗိုလ်ချုပ်ကို ဂျပန်ခတ်က ကျေးရွာသူကြီး တဦးကို သတ်မှုနဲ့ တရားစွဲ ရုံးတင်နိုင်ရန် ကြိုးစားခဲ့ခြင်းတို့ ဆောင်ရွက်ခဲ့တယ်။

လုပ်ကြံမှုကြီး ဖြစ်ပွားစဉ်က ဘုရင်ခံ ဆာဟူးဘရန့်စ်ရဲ့ တိုက်တွန်းချက် အရ အင်္ဂလိပ် ဆန့်ကျင့်ရေး ဆူပူအုံကြွမှုတွေ ဖြစ်မလာစေဘို့ အင်္ဂလိပ် တွေရဲ့ ပါဝင် ပတ်သက်မှုကို ခေါင်းဆောင်တွေက ဖုံးဖုံးဖိဖိ လုပ်ထား ခဲ့ကြတယ်။ သတင်းစာ တွေက စာလုံးမည်းကြီး တွေနဲ့ ဆက်လက် ရေးသွားကြမယ် ဆိုရင် လွတ်လပ်ရေး အတွက် ဆိုးရွားတဲ့ အကျိုး သက်ရောက်မှုတွေ ဖြစ်လာဖွယ် ရှိကြောင်း ဘုရင်ခံက ယဉ်ယဉ်ကျေးကျေး စကားလုံးတွေ သုံးပြီး၊ ကြားဖြတ် အစိုးရ အဖွဲ့သစ် ခေါင်းဆောင် သခင်နုကို သတိ ပေးထားတယ်။ လုပ်ကြံမှုကြီးမှာ အင်္ဂလိပ်တို့ ပါဝင် ပတ်သက် နေမှုကို သတင်းစာ တွေမှာ ဖြစ်စေ၊ လူထု ဟောပြောပွဲ တွေမှာ ဖြစ်စေ လုံးဝ စွပ်စွဲ ဟောပြောခြင်း မပြုကြဘို့ သတိ ပေးခဲ့သလို၊ အရေး (ခရိုင်ဝန်) တွေကိုလည်း ဒီလို စွပ်စွဲ ပြောဆို သူတွေကို လိုအပ်သလို အရေးယူဖို့ ညွှန်ကြားတယ်။

## (၈)

၁၉၄၇ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှာ ဗိုလ်တထောင်ရှိ အမှတ် ၂၂၆ အခြေစိုက် လက်နက်တိုက်က ဘရင်းဂန်း အလက် ၂၀၀ နဲ့ ကျည်ကပ် ၈၀၀ တို့ကို စာရွက်စာတမ်း လက်မှတ် အတုတွေနဲ့ ခိုးထုတ်ယူမှု ဖြစ်ပွားခဲ့တယ်။ ဘရင်းဂန်း အလက် ၂၀၀ ဆိုတာ အဲဒီ အချိန်က မြန်မာ့ တပ်မတော် တပ်ရင်း တပ်ဖွဲ့ တွေမှာ တပ်ဆင်ထားတဲ့ ဘရင်းဂန်း အားလုံးရဲ့ ထက်ဝက်နီးပါး ဖြစ်တယ်။ ဒီလို လက်နက်တွေ ခိုးထုတ် သွားနိုင်အောင် စီစဉ် ပေးသူက ဗြိတိသျှ အစိုးရ မြန်မာ ပုလိပ် အဖွဲ့မှာ ပူးတွဲ တာဝန် ထမ်းဆောင် နေတဲ့ ကပ္ပတိန် ဒေးဗစ် ဗီဗီယန်း ဖြစ်တယ်။ ဗိုလ်ချုပ်နဲ့ ခေါင်းဆောင် ကြီးတွေကို လုပ်ကြံရာမှာ အသုံးပြုခဲ့တဲ့ လက်နက် တွေကတော့ ဗြိတိသျှ အရာရှိ တဦး ဖြစ်တဲ့ မေဂျာ ဟင်နရီယမ်း ဆိုသူက ဦးစောကို ခိုးထုတ် ပေးခဲ့တဲ့ လက်နက်တွေပဲ ဖြစ်တယ်။

ဦးစောဟာ ၁၉၄၆ ခုနှစ် ကတည်းက စလို့ မေဂျာ ယမ်း၊ မေဂျာ လန့်စ်ဒိန်းတို့ ထံကနေ လက်နက်ငယ်နဲ့ ကျည်ဆန်တွေကို ဝယ်ယူလို့ ဖြစ်စေ၊ ခိုးလို့ ဖြစ်စေ နည်းမျိုးစုံနဲ့ စုဆောင်း ရယူခဲ့တယ်။ မေဂျာ ယမ်းဟာ ဆပ်မရှင်းဂန်း တလက်၊ ကာဘိုင် ၃ လက်၊ စတင်းဂန်း တလက်၊ တော်မီဂန်း ၂ လက်၊ လူဂါး ပစ္စတို တလက်၊ ခြောက်လုံးပြူး တလက်နဲ့ ခဲယမ်း မီးကျောက်တွေကို ဦးစော အတွက် ဝယ်ယူ စုဆောင်း ပေးခဲ့တယ်။ ဒါအပြင့် ၁၆ မိုင် အင်္ဂလိပ် ရှေ့တန်း ခဲယမ်း မီးကျောက်တပ်က လက်နက်နဲ့ ကျည်ဆန် အမြောက်အမြား ခိုးထုတ် နိုင်အောင် အင်္ဂလိပ် စစ်တပ်က မေဂျာ အေဗီ၊ ကပ္ပတိန် ဘူး၊ ဆာဂျင် ဝင်ဘလိတ်၊ ဆာဂျင် ဟာ့စ်၊ ဆာဂျင် ဖော့ စတဲ့ စတဲ့ ဗြိတိသျှ စစ်ဗိုလ် အကြပ်တွေ ကလည်း ပါဝင် ပတ်သက် ကူညီ ခဲ့ကြတယ်။

ဗြိတိသျှ ကွန်ဆာဗေးတစ် အသိုင်းအဝိုင်း အနေနဲ့ ဒီလို နိုင်ငံရေး အရေးရော၊ အကြမ်းဖက် လုပ်ကြံ သတ်ဖြတ်တဲ့ အထိ ဖြစ်ပွားဖို့ စစ်ရေး အရေးရော ဂဠုန် စောကို မက်လုံးပေး အသုံးချ စေခိုင်းခဲ့တာ ဖြစ်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့၊ ဗြိတိသျှ နေမဝင် အင်ပါယာကြီး ပြိုကွဲ မခံနိုင်တဲ့ ကွန်ဆာဗေးတစ်တွေ အတွက်၊ ဗြိတိသျှ ဓနသဟာယ အပြင်က လုံးဝ လွတ်လပ်ရေး ယူဖို့ ဆုံးဖြတ်ထားတဲ့ ဗိုလ်ချုပ် အောင်ဆန်းနဲ့ ဖဆပလ အဖွဲ့ ကို မျက်မုန်းကျိုး နေတာဟာ အဓိက အကြောင်းအရင်းပဲ ဖြစ်တယ်။

နောက်တချက်က ဗြိတိသျှ တို့ကို တလျှောက်လုံး သစ္စာ စောင့်သိခဲ့တဲ့ အလိုတော်ရိ ဆာပေါ်ထွန်းလို ပုဂ္ဂိုလ်မျိုးနဲ့ ဗြိတိသျှ တို့ကို အထင်ကြီးပြီး ဗြိတိသျှ အလိုတော် အတိုင်း ဒိုမီနီယံ၊ ဓနသဟာယ အတွင်းက လွတ်လပ်ရေး ကိုသာ တောင်းဆိုတဲ့ ဦးစော တို့လို ပုဂ္ဂိုလ်မျိုးကို ချီးမြှောက် ချင်တာလည်း ပါတယ်။

## (၉)

အဲဒီ အချိန်က နိုင်ငံတော် လုပ်ကြံမှုကြီးမှာ ဂဠုန် ဦးစောကို လက်နက်တွေ ခိုးယူ စုဆောင်းပေးမှုမှာ အထင်အရှား ပါဝင် ခဲ့သူတွေ ထဲက ဗြိတိသျှ အငယ်တန်း အရာရှိတွေ ကိုသာ ဖော်ထုတ် အရေးယူ ခဲ့ပေမဲ့၊ နှစ်အတော် ကြာလာတဲ့ အခါ အင်္ဂလိပ် စစ်တပ်ရဲ့ မြန်မာနိုင်ငံ ကွပ်ကဲမှု အဖွဲ့ ပါဝင် ပတ်သက်မှု ကိုသာ မကဘဲ အင်္ဂလိပ် စစ်သေနာပတိချုပ် ဖီးလ်မာရှယ် ဘားနက် လော့ မွန်ဂိုမာရီ အထိ မကင်းရှင်းကြောင်း တွေ့လာ ခဲ့ကြတယ်။

ဇွန်လ ၂၄ ရက်နေ့က ဘရင်းဂန်းတွေ ခိုးထုတ် သွားသူမှာ ဦးစော ဖြစ်ကြောင်း ခဲယမ်းမီးကျောက် တပ်ဖွဲ့မှူး မေဂျာ မူးရ်က ၂၆ ရက်နေ့မှာ သိရှိသွားပြီး သူ့ရဲ့ တပ်ထိန်း အရာရှိ (Provost Officer) ဆီကို စာနဲ့ ရေးပို့ခဲ့တယ်။ တပ်ထိန်း အရာရှိက သူတို့ လမ်းကြောင်း အတိုင်း အဆင့်ဆင့် တင်ပြတာ ဖြစ်လို့ အဆင့်ဆင့် အရာရှိတိုင်းလည်း သိနေမှာ ဖြစ်တယ်။ ဒီ အစီရင်ခံစာဟာ မြန်မာပြည် ကွပ်ကဲမှု ဌာနချုပ်ရဲ့ စစ်ဦးစီးချုပ် လက်ဖတင်နင် ဂျင်နရယ် ဘရစ်ထံ ရောက်တယ်။ စစ်ဦးစီးချုပ် ဘရစ် လက်ထဲမှာ ဘယ်နှစ်ရက် အောင်းနေသည် မသိ၊ စစ်ဦးစီးချုပ် ဘရစ်က စစ်ဦးစီး ဘရီဂေးဒီးယား ဂျူခ် (Brigadier General Staff) ထံကို ဇူလိုင်လ ၇ ရက်နေ့မှာ ဆက်လက် အရေးယူ ဆောင်ရွက်ဖို့ ချပေးတယ်။ ဘရီဂေးဒီးယား ဂျူခ်ဟာ စစ်ဦးစီးချုပ်က ဆက်လက် အရေးယူရန် ချပေးထားတဲ့ အမှုတွဲကို လုံးဝ အရေး မယူဘဲ ဖိုင်တွဲထဲ ထိုးထဲထားပြီး၊ လုပ်ကြံမှု ဖြစ်ပွားပြီး ၄ ရက်ကြာမှ သတိရ တော့တယ်လို့ ဘုရင်ခံနဲ့ ဖဆပလ အစိုးရ အဖွဲ့ ခေါင်းဆောင် ဦးနု တို့ကို ပြောပြ ခဲ့ပါတယ်။။

ပျောက်ဆုံးသွားတဲ့ ဂရင်းဂန်းနဲ့ လက်နက် ခဲယမ်း မီးကျောက်တွေ ဦးစောထံ ရောက်နေကြောင်း အစောကြီး သိသူတွေ ထဲမှာ တောင်ပိုင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဘရီဂေးဒီးယား နက်ရှ်နဲ့ စစ်ဌာနချုပ် ထောက်လှမ်းရေးမှူးချုပ် ဘရီဂေးဒီးယား နိုက် (Brigadier Knight) တို့လည်း ပါဝင်တယ်။ ဘုရင်ခံ အတွင်းဝန် ဖိလစ်နက်ရှ်ဟာ ဒီသတင်းကို ဘရီဂေးဒီးယား နက်ရှ်ထံက သိတာလည်း ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အတွင်းဝန် နက်ရှ်ဟာ ဘရီဂေးဒီးယား နက်ရှ်ရဲ့ အကိုအရင်း ခေါက်ခေါက် ဖြစ်လို့ပဲ ဖြစ်ပါတယ်။ နောက်ပြီး ဘုရင်ခံရဲ့ တိုက်တွန်းချက် အရ ဦးစော နေအိမ်ကို ဝင်ရှာတော့မယ် ဆိုပြီး သတင်းပေးကာ ဇူလိုင်လ ၁၉ ရက်နေ့မှာ လုပ်ကြံမှု ဖြစ်ပွားအောင် ဦးစောကို တိတ်တဆိတ် သတင်း ပေးလိုက် သူဟာလည်း သူတို့ ၂ ဦး ဖြစ်နိုင်တယ်။ ဘယ်ဖြစ်လို့လဲ ဆိုတော့ လုပ်ကြံမှု ဖြစ်ပွားချိန်က ဗိုလ်ချုပ် အောင်ဆန်းရဲ့ ခန်းမ အောက်တည့်တည့်မှာ ရှိတဲ့ စီအိုင်ဒီ (မှုခင်းတပ်ဖွဲ့) အကြီးအကဲ ဦးထွန်းလှအောင်ရဲ့ အခန်းမှာ သူတို့ တိတ်တဆိတ် ရောက်ရှိ နေကြပြီး၊ လုပ်ကြံမှု ဖြစ်ပွားပြီး နောက်မှ တိတ်တဆိတ် ထွက်သွားကြတာ ဖြစ်လို့ ဖြစ်တယ်။

စစ်ဘက်က တာဝန် ရှိသူတွေဟာ စစ်ဘက် ထုံးစံအရ စစ်ဆေးခြင်း ခံခဲ့ကြရ ပေမဲ့၊ ဘယ်သူ တဦး တယောက်မှ အပြစ်ဒဏ် မရဘဲ ကွင်းလုံးကျွတ် လွတ်ခဲ့ကြတယ်။ စစ်ပြီးစ အချိန်က ခေတ်အမီဆုံး လက်နက် တခု ဖြစ်တဲ့ ဂရင်းဂန်း ၂၀၀ ကို စာရွက်စာတမ်း အတုတွေနဲ့ ၂ ကြိမ်တိုင်တိုင် ခိုးထုတ် သွားတာကို ခံခဲ့ရတဲ့ စစ်လက်နက် ပစ္စည်း တပ်ဖွဲ့နဲ့ ခဲယမ်း မီးကျောက် တပ်ဖွဲ့က အရာရှိ အမြောက်အမြား ဟာလည်း လက်နက် ခဲယမ်း မီးကျောက် ပျောက်ဆုံးမှုမှာ တာဝန် ပေါ့လျော့မှုဖြင့် စုံစမ်း စစ်ဆေးရေး ခုံဖွဲ့ပြီး စစ်ဆေးတာ ခံခဲ့ရ သော်လည်း၊ တဦးတယောက်မှ အရေးယူ ခံရခြင်း မရှိဘဲ အမှုမှ ကွင်းလုံးကျွတ် လွတ်ခဲ့ကြတယ်။

လုပ်ကြံမှုကြီး မဖြစ်ပွားအောင် တားဆီး အရေးယူရန် အချိန် အလုံအလောက် ရပြီး၊ တာဝန် အများဆုံး ရှိတဲ့ ဘရီဂေးဒီးယား ဂျူခ်ကိုလည်း အေးအေးဆေးဆေး လူမသိ သူမသိ အဝေးကို ပြောင်းရွှေ့ ပေးလိုက်တယ်။

ဒီလို စစ်ဘက်ဆိုင်ရာ စုံစမ်း စစ်ဆေးမှု တွေကို မတရား လျှို့ဝှက် ဖုံးကွယ် ပြုလုပ် ခဲ့ကြတာကို ဘုရင်ခံနဲ့ မြန်မာနိုင်ငံ ဆိုင်ရာ ဗြိတိသျှ ဝန်ကြီးရုံး (Burma Office) က လုံးဝ မကျေနပ် ခဲ့ဘူးလို့ဆိုပါတယ်။ မြန်မာနိုင်ငံ ဆိုင်ရာ ဗြိတိသျှ ဝန်ကြီးရုံးက ဒီ စစ်ဘက် ဆိုင်ရာ စစ်ဆေးမှုတွေ အပေါ် မှန်ကန် တရား မျှတမှုကို သံသယရှိကြောင်းကို ထုတ်ဖော် ပြောကြားခဲ့တယ်။

အဲဒီ အချိန်က ဗြိတိသျှ စစ်တပ် စစ်သေနာပတိချုပ် (CIGS, Chief of Imperial General Staff) ဖီးမာရှယ် မောင်ဂိုမာရီဟာ စင်ကာပူရှိ အရှေ့ဖျား မြေပြင် တပ်ဖွဲ့ ဌာနချုပ်ကို ရောက်ရှိ လာပြီး မြန်မာပြည် ကွပ်ကဲမှု ဌာနချုပ်ရဲ့ လုပ်ကိုင် ဆောင်ရွက် ပုံတွေကို ကျေနပ်ဖွယ် ရှိ မရှိ စုံစမ်း စစ်ဆေးဖို့ လက်ဖတင်နင် ကာနယ် တဦးကို မြန်မာပြည်ကို စေလွှတ်ခဲ့တယ်။ ဒါပေမဲ့ ဒီ လက်ဖတင်နင် ကာနယ် ဘယ်လို စုံစမ်း စစ်ဆေးတယ်၊ ဘာတွေ တွေ့ရှိတယ် ဆိုတာကို အတိအလင်း ထုတ်ဖော်ခြင်း မရှိဘဲ ဖုံးဖိ ထားခဲ့တယ်။

နောက်ပြီးတော့မှ ဖီးမာရှယ် မောင်ဂိုမာရီဟာ "အဖမ်းခံ ထားရတဲ့ အရာရှိငယ် တဦးက လွဲပြီး မြန်မာနိုင်ငံရှိ အင်္ဂလိပ် စစ်အရာရှိ အားလုံးမှာ ကျေနပ်ဖွယ် ရှိသည်" ဟု တဖက်စောင်းနင်း မှတ်ယူခဲ့တယ်။ ဗိုလ်ချုပ် အောင်ဆန်း လုပ်ကြံ သတ်ဖြတ် ခံခဲ့ရခြင်းမှာ သူ့သေတွင်း သူတူးခြင်း ဖြစ်တယ်၊ စစ်ဦးစီးချုပ် လက်ဖတင်နင် ဂျင်နရယ် ဘရစ်နဲ့ ဘရီဂေးဒီးယား ဂျူခ် တို့ကို လုံးဝ စစ်ဆေးစရာ မလိုဟု ကျွန်ုပ်ယူဆသည် ဆိုပြီး၊ သူတို့ ၂ ဦးကို အခိုင်အမာ အကာအကွယ် ပေးခဲ့တယ်။

၁၉၄၇ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှာ စင်ကာပူရှိ အရှေ့ဖျား စစ်ဌာနချုပ်မှ မောင်ဂိုမာရီဟာ လန်ဒန်ရှိ စစ်ရုံးချုပ် ကနေ တဆင့် မြန်မာပြည်

ဆိုင်ရာ ဝန်ကြီး အတွက်ဟု ခေါင်းစဉ်တပ် ပေးပို့လိုက်တဲ့ ကြေးနန်း အမှတ် Peper ၁၇၄၊ လုံခြုံမှု အဆင့် ထိပ်တန်း လျှို့ဝှက်၊ အပိုဒ် ၂ မှာ

***"ဇူလိုင်လ ၁၇ ရက်နေ့ ဝန်းကျင်တွင် ဘရီဂေးဒီးယား ဂျွဲသည် မေဂျာမူးရ်၏ အစီရင်ခံစာပါ အကြောင်းအရာကို စစ်ဦးစီးချုပ်ထံ တင်ပြသည်။ ဦးစီးချုပ်က ဘုရင်ခံထံ ဆက်လက် တင်ပြသည်။ ဘုရင်ခံက အောင်ဆန်းကို ခေါ်၍ ပြောသည်။ အောင်ဆန်းက စီအိုင်ဒီ (မှုခင်းတပ်ဖွဲ့) ကို ဇူလိုင်လ ၂၁ ရက်နေ့တွင် ဦးစောနှင့် ယင်း၏ နေအိမ်ကို ဝင်ရောက် ရှာဖွေ ဖမ်းဆီးရန် တာဝန်ပေးသည်။ ယင်း တာဝန်ပေးချက် ပေါက်ကြားသွားပြီး ဇူလိုင်လ ၂၈ ရက်နေ့တွင် လုပ်ကြံခံရခြင်း ဖြစ်သည်"***

***မှတ်ချက် –*** ဇူလိုင်လ ၁၉ ရက်နေ့ အစား ၂၈ ရက်နေ့ ဖြစ်နေတာကို သတိပြုပါ။

ဒီလို မောင်ဂိုမာရီဟာ အလွဲလွဲ အချော်ချော် အစီရင် ခံခဲ့တာကို အရှေ့ဖျား မြေပြင် တပ်ဖွဲ့များရဲ့ စစ်သေနာပတိချုပ် (C in C Farelf) ဂျင်နရယ် ရစ်ချီက စစ်သေနာပတိချုပ်ရဲ့ ကြေးနန်းမှာ အမှားအယွင်း များစွာ ပါရှိခဲ့ကြောင်း ကြေးနန်းဖြင့် ထပ်မံ တင်ပြ ခဲ့ပေမဲ့၊ တယူသန် အစွဲကြီးတဲ့ မောင်ဂိုမာရီက မတုန်မလှုပ် ဂရု မပြုတော့ဘဲ အမှားကိုသာ ရင်ဝယ်ပိုက် ထားလိုက်တယ်။

နောက်ပိုင်းမှာ အင်္ဂလိပ် အစိုးရက စစ်သေနာပတိချုပ် မောင်ဂိုမာရီ ကြေးနန်း၊ အရှေ့ဖျား စစ်ဦးစီးချုပ် ရစ်ချီ ကြေးနန်းနဲ့ ဘုရင်ခံ ဆာဟူးဘရန့်စ် ကြေးနန်း တို့ကို အသေးစိတ် စုစည်း နှိုင်းယှဉ် မှတ်စု ထုတ်ရန် ဗြိတိသျှ အစိုးရ မြန်မာပြည် ဆိုင်ရာ ဝန်ကြီးရုံးက တာဝန်ခံ တဦး ဖြစ်တဲ့ ဖင်ဒလေ (Findley) ကို တာဝန် ပေးခဲ့တယ်။ ဖင်ဒလေရဲ့ စစ်ဆေး တွေ့ရှိချက် အရ ဘုရင်ခံက ဇူလိုင်လ ၂၃ ရက် နေ့စွဲပါ ကြေးနန်း အမှတ် ၃၁၃ ဖြင့် တင်ပြခဲ့တဲ့ အတိုင်း လုပ်ကြံမှုမှာ အင်္ဂလိပ် စစ်တပ်က ပါဝင် ပတ်သက်ခဲ့မှုနဲ့ ထိပ်ပိုင်း စစ်ဘက် အရာရှိကြီးတွေရဲ့ လိုအပ်သလို ဆောလျင်စွာ အရေးယူ ဆောင်ရွက်ခြင်း မရှိဘဲ အေးတိအေးစက် လုပ်နေမှုဟာ အထင်အရှား ပေါ်လွင်လာတယ်။ ဒါကြောင့် ဗြိတိသျှ ဝန်ကြီးချုပ် ကိုယ်တိုင် မြန်မာပြည် ဆိုင်ရာ ဝန်ကြီး၊ စစ်ဝန်ကြီးနဲ့ စစ်သေနာပတိချုပ် တို့ကို ခေါ်ယူ တွေ့ဆုံရတဲ့ အထိ အရုပ်ဆိုး အကျည်းတန် ခဲ့ရတယ်။

မကြာသေး မီကမှ သုတေသန ပြုလုပ်သူတွေကို ကြည့်ရှုခွင့် ပေးခဲ့တဲ့ ၁၉၄၈ ခုနှစ် မေလထဲက နေ့တနေ့မှာ ရန်ကုန်ရှိ ဗြိတိသျှ သံအမတ်ကြီးက ဗြိတိသျှ အစိုးရ ရုံးစိုက်ရာ ဝှိုက်ဟောကို ပေးပို့ခဲ့တဲ့ ကြေးနန်း တစောင်မှာ "အဲဒီ အချိန်က ရဲအရာရှိချုပ်က ဗြိတိသျှ သံအမတ်ကြီးကို ဗိုလ်ချုပ် အောင်ဆန်း လုပ်ကြံမှုမှာ ဗြိတိသျှ တို့ရဲ့ လက်ချက် မကင်းဘူးလို့ ယုံကြည်ထား ပါတယ်" လို့ ပြောကြား ခဲ့ကြောင်း၊ ဆာဒေါ်မန်စမစ်ကိုလဲ မသင်္ကာဘူး လို့လဲ ရဲ အရာရှိချုပ်က တင်ပြထားပြီး၊ ကြားဝင် ဆောင်ရွက် ပေးသူက ရန်ကုန်ရှိ ဗြိတိသျှ ကောင်စီမှာ အဲဒီ အချိန်က တာဝန် ထမ်းဆောင်နေသူ မစ္စတာ ဂျွန်စတီးဝပ် ဘင်ဂျလေ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ဖမ်းဆီး ထောင်ချ ထားခြင်း ခံနေရတဲ့ လုပ်ကြံသူ ဦးစောက ထောင်ပြင်ပနဲ့ စာ အဆက်အသွယ် လုပ်ခဲ့ပါတယ်။ ပထမ ဗီဗီယန်းဆီ စာရေးခဲ့ရာမှာ "အရပ်ရှည်ရှည်နဲ့ လူကြီးကို ဆက်သွယ် လိုပါတယ်" လို့ ရေးခဲ့တယ်။ နောက်ပိုင်း စိတ်မရှည်တော့တဲ့ ဦးစောဟာ အရပ် ၆ ပေ ၃ လက်မ ရှိတဲ့ ဗြိတိသျှ ကောင်စီက ဘင်ဂျလေထံကို ကိုယ်တိုင် စာရေးပြီး "နိုင်ငံတကာ တုန်လှုပ် သွားစေမဲ့ ဖော်ထုတ်မှု တွေကို လုပ်ရ လိမ့်မယ်လို့ ခြိမ်းခြောက် ခဲ့ပါတယ်"။ အဲဒီအချိန်က စီအိုင်ဒီ အကြီးအကဲ ဖြစ်သူ ဦးထွန်းလှအောင်က ဘင်ဂျလေကို အသေအချာ စစ်ဆေးဖို့ ကြိုးစား ခဲ့ပါတယ်။ ဒါပေမယ့် ဘုရင်ခံ ဆာဟူးဘရန်စ်က သက်သေ မခိုင်လုံဘူး ဆိုပြီး ငြင်းပယ်ကာ ဘင်ဂျလေကို နိုင်ငံအတွင်းက ထွက်သွား စေပါတယ်။

နောက်ပြီး ဦးစောဟာ ကာနယ် တူးလော့နဲ့ လန်ဒန် ဒေးလီးမေးလ် သတင်းထောက် ကင်းဘဲ တို့ကို ဆက်သွယ်ပြီး ထောက်ဖောက် ပြေးဖို့ ကြိုးစား ခဲ့ပါသေးတယ်။ နောက်ဆုံး အထိ လန်ဒန်က သူ့ကို ကယ်တင် လိမ့်မယ်လို့ ယုံကြည် ထားတယ်။ ဒါကြောင့် ဦးစောဟာ ကြိုးစင်ပေါ် တက်ခါနီးမှာ "Any Message from London" လို့ ထောင်ပိုင်ကြီးကို မေးနေ သေးတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးတဲ့ နောက်မှာ ဆာဒေါ်မန်စမစ်နဲ့ ဘင်ဂျလေဟာ မြန်မာနိုင်ငံ တောင်ပေါ်သားများရဲ့ မိတ်ဆွေ အဖွဲ့ အမည်နဲ့ ကရင် တိုင်းရင်းသား တွေရဲ့ လက်နက်ကိုင် ပုန်ကန်မှုကို အားပေး ထောက်ခံ ခဲ့တာကိုလည်း အထင်အရှား တွေ့ရတယ်။

## နိဂုံး

အာဏာကို လက်နက် အားကိုးနဲ့ အကြမ်းဖက် သတ်ဖြတ် ယူဖို့ ကြိုးစားခဲ့တဲ့ ဦးစောဟာ သူမျှော်မှန်း ထားသလို တိုင်းပြည် ဖရိုဖရဲ ဖြစ်ကာ ဘုရင်ခံက သူ့ကို တိုင်းပြည် အာဏာ အပ်နှင်းလိမ့်မည် ဆိုတဲ့ စိတ်ကူး အိပ်မက်ကြီး အကောင်အထည် ပေါ်မလာဘဲ၊ လုပ်ကြံမှု ဖြစ်ပွားတဲ့ နေ့မှာပဲ အဖမ်းခံ လိုက်ရပြီး၊ အဲဒီနေ့ ညနေပိုင်းမှာ ဘုရင်ခံ ဆာဟူးဘရန့်စ်က ဗိုလ်ချုပ်ရဲ့ ရောင်းရင်း လုပ်ဖော်ကိုင်ဖက် ဖြစ်သူ သခင်နုနဲ့ ဖဆပလ ကို အစိုးရ ဖွဲ့စည်းရန် ဖိတ်ခေါ်ခဲ့တယ်။

၁၉၄၈ မေလ ၈ ရက်နေ့မှာ အင်းစိန် ထောင်ကြီး အတွင်းမှာ မောင်စိုး၊ သက်နှင်း၊ မှုံကြီးတို့နဲ့ အတူ ကြိုးပေး ကွပ်မျက်ခြင်း ခံလိုက်ရပြီး၊ ရန်ကြီးအောင်နဲ့ ခင်ကြီး တို့လည်း အဲဒီနေ့ မနက်မှာပဲ ရန်ကုန် ဗဟို အကျဉ်းထောင်ကြီးမှာ ကြိုးပေး ခံခဲ့ကြရတယ်။ သုခ၊ ခင်မောင်ရင်နဲ့ မောင်နီ တို့မှာ မေလ ၇ ရက်နေ့ ညနေ အတော်စောင်းမှ ကြိုးမိန့်မှ တသက်တကျွန်း လွှဲပြောင်း ကျခံရန် အမိန့်စာ ရန်ကုန် ထောင်ကြီးကို ရောက်ရှိလာလို့ ကြိုးဒဏ်ကနေ လွတ်သွားတယ်။ ဘညွန့်ကတော့ အစိုးရ သက်သေ အဖြစ် ဖော်ကောင် လုပ်လိုက်လို့ တရားသေ လွတ်မြောက်သွားတယ်။ ခင်မောင်ရင်နဲ့ မောင်နီ တို့က အတွင်းဝန်များ ရုံးမှာ အစည်းအဝေး လုပ်ဖြစ် မဖြစ်၊ အရင်ဆုံး သွားကြည့် ကြတယ်။ ဝန်ကြီးများ အစည်းအဝေး လုပ်ဖြစ်တာ သေချာကြောင်း ဦးစော ဆီကို တယ်လီဖုန်းနဲ့ သတင်း ပို့တယ်။ ဒီတော့မှ ဦးစောက လူသတ်သမား ၄ ဦးကို စေလွှတ် လိုက်တာ ဖြစ်တယ်။

လုပ်ကြံမှုကြီးမှာ ပါဝင် ပတ်သက်ခဲ့တဲ့ ဗြိတိသျှ အရာရှိတွေ ထဲက ကပ္ပတိန် ဗီဗီယန်းနဲ့ မေဂျာယမ်း တို့ နှစ်ဦးသာ လက်နက်မှုဖြင့် ဖမ်းဆီး တရားစစ်ဆေးခြင်း ခံကြရပြီး၊ ကပ္ပတိန် ဗီဗီယန်းက ထောင်ဒဏ် ၅ နှစ်၊ မေဂျာယမ်းက ထောင်ဒဏ် ၂ နှစ် အသီးသီး ချမှတ် ခံခဲ့ရတယ်။ နောက်ပိုင်း အယူခံ ဝင်ရာမှာ မေဂျာယမ်း အနိုင်ရပြီး တရားသေ လွတ်ပေးခဲ့တယ်။ လွတ်လပ်ရေး ရပြီးနောက် ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရာ၊ ကေအန်ဒီအို (ကရင်တိုင်းသား လက်ကိုင်တပ်တွေ) က အင်းစိန်ထောင်ကို ဝင်စီးပြီး ကပ္ပတိန် ဗီဗီယန်းကို ခေါ်ထုတ် သွားခဲ့တယ်။ ဗီဗီယန်း ထိုင်းနိုင်ငံက တဆင့် အင်္ဂလန်ကို ပြန်ရောက်သွားပြီး အင်္ဂလန်မှာ ငြိမ်းချမ်းစွာ နေထိုင်ရင်း ကွယ်လွန် သွားခဲ့တယ်။

## *ရည်ညွှန်းချက်။*


၁။ ကောလစ် မောရစ်ရဲ့ မြန်မာပြည် လွတ်လပ်ရေး နောက်ဆုံးတိုက်ပွဲ – ဗိုလ်အောင်စိန် (ဘာသာပြန်)။

၂။ သမိုင်း မှန်ကူကွက်များ – ပြည်သူ့ ဘက်တော်သားများ၊ ၁၉၉၆ မတ်လ။

၃။ ကိုယ်တွေ့ သိခဲ့ရသမျှ နိုင်ငံတော် လုပ်ကြံမှုကြီး အကြောင်း – ကိုသန်း (ကြည့်မြင်တိုင်)၊ မိုးဂျာနယ် အတွဲ (၈)၊ အမှတ် (၂)၊ ၁၉၉၈ ခုနှစ် မတ်လ။

၄။ နှစ် ၅၀ ပြည့် လွမ်းမမေ့နိုင်တဲ့ ကိုယ်တွေ့ သတင်းကြီး – မြန်မာ့ အလင်း သန်းညွှန့်၊ နွယ်နီ မဂ္ဂဇင်း၊ အမှတ် ၇/၉၇၊ ဇူလိုင်လ။

၅။ အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသော နှစ် ၅၀ ပြည့် BBC အသံလွှင့် ဌာန၊ မြန်မာပိုင်း၏ အထူး အသံလွှင့် အစီအစဉ်များ။

၆။ ရုပ်ထုမှ ပြောသော မြန်မာ့ သမိုင်းဝင် ပုဂ္ဂိုလ် ထုများ – သန်းဝင်းလှိုင်။

၇။ ကမ္ဘာ့ နေ့ကြီးရက်ကြီးများနှင့် မြန်မာ့ နေ့ကြီးရက်ကြီးများ – ဦးဝမ်ထိန်၊ ပတ္တမြား ငမောက် စာပေ။

၈။ ဖျတ်ခနဲ တွေ့ရသော ရုပ်ပုံလွှာ ကားချပ်များ – ဒဂုန်တာရာ

၉။ Freedom From Fear blog မှ အာဇာနည်နေ့ အကြောင်း စုစည်း တင်ပြချက်များ။


ဆက်နွယ်တဲ့ အကြောင်းအရာ

- အာဇာနည် ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိ အကျဉ်း
- ဦးအောင်ဆန်း၏ နောက်ဆုံးနေ့
- တို့ဗမာအစည်းအရုံးခေတ်က သခင်အောင်ဆန်း
- ကျွန်တော်တို့ မှတ်မိသိရှိသမျှ ဗိုလ်ချုပ်
- အောင်ဆန်း သို့မဟုတ် အရိုင်း
- နိုင်ငံရေး သမား အောင်ဆန်း
- မှတ်မိသမျှ – ကိုအောင်ဆန်း၏ ကျောင်းသား ဘဝ
- အိုးဝေ မဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်း
- ဗမာ့ အောင်ဆန်း (ပထမပိုင်း)
- ဗမာ့ အောင်ဆန်း (ဒုတိယပိုင်း)
- ဗမာ့ အောင်ဆန်း (တတိယပိုင်း)